**2020**

**၌ ကျွန်ုပ်တို့အား ထည့်သွင်း ရေတွက်ပါရန်**

ထည့်သွင်းရေတွက်ခံရခြင်း အားဖြင့် စုပေါင်းစွမ်းအား

အာရှ အမေရိကန်များ
တရားမျှတမှု မြင့်တင်ရေး

COUNTUSIN2020.ORG

# 2020 သန်းခေါင်စာရင်းအား ကျွန်ုပ် မည်သို့ တုံ့ပြန်ဖြေကြားရမည်နည်း၊ ထို့ပြင် ၎င်းသည် ကျွန်ုပ်အား မည်သည်တို့ကို မေးမြန်းမည်နည်း။

2020 သန်းခေါင်စာရင်းသည် အမေရိကန်ပြည်ထောင်စု၌ နေထိုင်သူ အားလုံးအား ထည့်သွင်းရေတွက်မှုပြုမည် ဖြစ်သည်။ သန်းခေါင်စာရင်းဆိုသည်မှာ သင်၏ အိမ်ထောင်စု နှင့် ၎င်းတွင် နေထိုင်ကြသောသူများနှင့်ပတ်သက်ပြီး အခြေခံ အချက်အလက်များကို မေးမြန်းသော မေးခွန်းတို မေးခွန်းလွှာတစ်ခု ဖြစ်သည်။ **သင်၏ တစ်ကိုယ်ရေ တုံ့ပြန်ဖြေကြားချက်များအား လျှို့ဝှက်ထိန်းသိမ်းထားမည်ဖြစ်ပြီး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ရှိသူ၊ ရဲဌာန သို့မဟုတ် အိမ်ရာဆိုင်ရာ အာဏာပိုင်များ တို့ အပါအဝင် အခြားသော အစိုးရ အေဂျင်စီများထံသို့ မျှဝေခြင်းများ မပြုလုပ်နိုင်ပေ။** အစိုးရသည် ၎င်းလူဦးရေ ရေတွက်ရရှိမှုများအား နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုမှု အတွက် ခွဲဝေစီစဉ်ရန် နှင့် အရင်းအမြစ်များအား မည်သည့်နေရာ၌ အသုံးချမည်ဖြစ်ကြောင်းကို ဆုံးဖြတ်ရန် အစရှိသည်တို့အတွက် အသုံးပြုသွားမည် ဖြစ်သည်။

## သန်းခေါင်စာရင်းအား ကျွန်ုပ် မည်သို့ တုံ့ပြန်ဖြေကြားရမည်နည်း။

မတ်လ 2020 တွင် သန်းခေါင်စာရင်း ဗျူရိုသည် သန်းခေါင်စာရင်းအား တုံ့ပြန်ဖြေကြားပေးရန်အတွက် အိမ်ထောင်စုများအား ဖိတ်ကြားသည့် အချက်အလက်များကို ၎င်းတို့ထံသို့ စာတိုက်မှတဆင့် ပေးပို့သွားမည်ဖြစ်သည်။ သန်းခေါင်စာရင်း၌ ပါဝင်နိုင်မည့် နည်းလမ်း သုံးနည်း ရှိပါသည် -

| | |
|---|---|
| **အွန်လိုင်း** | ပထမဆုံးအကြိမ်အနေနှင့် သင်သည် သင်၏ သန်းခေါင်စာရင်းအား အွန်လိုင်းပေါ်၌ ဖြည့်စွက်ဖြေကြားပေးနိုင်မည်ဖြစ်သည်။ အိမ်ထောင်စု အများစုသည် အွန်လိုင်းပေါ်မှတဆင့် တုံ့ပြန်ဖြေကြားပေးရန် ၎င်းတို့အား ဖိတ်ကြားသည့် စာတစ်စောင်နှင့်အတူ တမူထူးခြားသော အိမ်ထောင်စု ID နှင့် သန်းခေါင်စာရင်း ဗျူရို၏ တရားဝင် ဝက်ဘ်ဆိုဒ် လိပ်စာတို့အား လက်ခံရရှိမည်ဖြစ်သည်။<br><br>*အင်တာနက် ကိုယ်တိုင်-တုံ့ပြန်ဖြေကြားချက် လျှောက်လွှာဖောင်အား အင်္ဂလိပ်ဘာသာစကားမဟုတ်သည့် အခြားသော ဘာသာစကား 12 မျိုးဖြင့် ရရှိနိုင်မည်ဖြစ်ပြီး၊ ၎င်းတွင် တရုတ် (ရိုးရှင်းသော)၊ ဂျပန်၊ ကိုရီးယား၊ တက်ဂလော့ဂ် နှင့် ဗီယက်နမ် ဘာသာစကားများ ပါဝင်သည်။* |
| **ဖုန်း** | မေးခွန်းများအား တောင်းဆိုရန် နှင့် သန်းခေါင်စာရင်းအား ဖုန်းမှတဆင့် တုံ့ပြန်ဖြေကြားရန်အတွက်မှာ သန်းခေါင်စာရင်း မေးခွန်းလွှာ ကူညီထောက်ပံ့ရေး (Census Questionnaire Assistance) ဖုန်းလိုင်းထံသို့ သင် ဖုန်းခေါ်ဆိုနိုင်ပါသည်။<br><br>*ဖုန်းလိုင်း ပံ့ပိုးထောက်ပံ့မှုအား အင်္ဂလိပ်ဘာသာစကားနှင့်အတူ အင်္ဂလိပ်ဘာသာစကားမဟုတ်သည့် အခြားသော ဘာသာစကား 12 မျိုး ဖြင့်လည်း ထောက်ပံ့ပေးထားပြီး၊ ၎င်းတွင် တရုတ် (မန်ဒရင်း နှင့် ကန်တုံ တရုတ်)၊ ဂျပန်၊ ကိုရီးယား၊ တက်ဂလော့ဂ် နှင့် ဗီယက်နမ် ဘာသာစကားများလည်း ပါဝင်သည်။ ဘာသာစကားတစ်ခုစီအတွက် သတ်မှတ်ထားသော သက်ဆိုင်ရာ အကောက်ခွန်အခမဲ့ သန်းခေါင် စာရင်းဗျူရို ဖုန်းနံပါတ်မှတဆင့် ဖုန်းခေါ်ဆိုသူများသည် သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် နောက်ထပ်သော အချက်အလက်များကို ရယူနိုင်သည်၊ မေးခွန်းများ မေးမြန်းနိုင်သည်၊ ထို့ပြင် ဖုန်းမှတဆင့် မိမိတို့၏ သန်းခေါင်စာရင်းလျှောက်လွှာဖောင်အတွက် အဖြေများအား ထောက်ပံ့ပေးနိုင်သည်။* |
| **စာရွက်စာတမ်း** | သင့်အနေနှင့် စာရွက်စာတမ်းပုံစံဖြင့်လည်း တုံ့ပြန်ဖြေကြားပေးနိုင်ပါသည်။ အချို့သော နေအိမ်များ - ငါးအိမ်လျှင် တစ်အိမ် - သည် ပထမ အကြိမ် စာတိုက်ပေးပို့စဉ်အတွင်း စာရွက်ပုံစံ လျှောက်လွှာဖောင်တစ်စောင်အား လက်ခံရရှိမည်ဖြစ်သည်။ စတုတ္ထအကြိမ် စာတိုက်ပေးပို့ချိန်တွင်မူ အိမ်တိုင်းသည် စာရွက်ပုံစံ လျှောက်လွှာဖောင်တစ်စောင်အား လက်ခံရရှိမည်ဖြစ်သည်။<br><br>*စာရွက် လျှောက်လွှာဖောင်အား အင်္ဂလိပ် နှင့် စပိန် ဘာသာစကားတို့ဖြင့်သာလျှင် ရရှိနိုင်မည် ဖြစ်သည်။* |

## သန်းခေါင်စာရင်းအား မည်သည့်အချိန်၌ ကျွန်ုပ် တုံ့ပြန်ဖြေကြားရမည်နည်း။

သန်းခေါင်စာရင်း ဗျူရိုသည် အချက်အလက်များအား အကြိမ်ပေါင်းများစွာ စာတိုက်မှတဆင့် ပေးပို့ပြီး၊ တုံ့ပြန်ဖြေကြားပေးရန် တိုက်တွန်းမည် ဖြစ်သည် -

| | |
|---|---|
| မတ်လ 12-20 ရက် | သန်းခေါင်စာရင်း ဗျူရိုသည် အိမ်ထောင်စုများထံသို့ တုံ့ပြန်ဖြေကြားပေးရန်အတွက် ဖိတ်ကြားသည့် စာများအား သီးခြား အကြောင်းအရာ စာသုံးစောင်ဖြင့် စာတိုက်မှတဆင့် ပေးပို့သွားမည် ဖြစ်သည်။ |
| မတ်လ 16-24 ရက် | တုံ့ပြန်ဖြေကြားခြင်း မပြုသေးသည့် အိမ်ထောင်စုများထံသို့ သတိပေးသည့်စာများအား ပေးပို့သွားမည် ဖြစ်သည်။ |
| မတ်လ 26 ရက် - ဧပြီ 3 ရက် | တုံ့ပြန်ဖြေကြားခြင်း မပြုသေးသည့် အိမ်ထောင်စုများထံသို့ သတိပေးသည့် ပို့စကဒ်များအား ပေးပို့သွားမည် ဖြစ်သည်။ |
| ဧပြီလ 8-16 ရက် | တုံ့ပြန်ဖြေကြားခြင်း မပြုသေးသည့် အိမ်ထောင်စုများထံသို့ သတိပေးသည့်စာများ နှင့် စာရွက်လျှောက်လွှာများအား ပေးပို့သွားမည် ဖြစ်သည်။ |
| ဧပြီလ 20-27 ရက် | နောက်ဆုံးအကြိမ် သတိပေးသည့် ပို့စကဒ်များအား ပေးပို့သွားမည်ဖြစ်သည်။ |
| မေလ 13 ရက် | သန်းခေါင်စာရင်းဗျူရို ဝန်ထမ်းများသည် တုံ့ပြန်ဖြေကြားခြင်းမပြုသေးသည့် အိမ်ထောင်စုများထံသို့ စတင် ကွင်းဆင်းလည်ပတ်မည်ဖြစ်သည်။ |

## 2020 သန်းခေါင်စာရင်းသည် ကျွန်ုပ်အား မည်သည်တို့ကို မေးမြန်းပါမည်နည်း။

2020 သန်းခေါင်စာရင်းအား ဖြည့်စွက်ဖြေဆိုရန် မိနစ် အနည်းငယ်မျှသာ ကြာမြင့်မည်ဖြစ်ပြီး၊ အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းသွားမည် ဖြစ်သည်။

2020 သန်းခေါင်စာရင်းသည် သင်၏ အိမ်ထောင်စုနှင့်ပတ်သက်သည်များကို မေးမြန်းသွားမည် ဖြစ်သည်။

| | |
|---|---|
| ဧပြီ 1 ရက်နေ့တွင် သင်၏ လိပ်စာ၌ နေထိုင်နေသူ သို့မဟုတ် လာရောက်နေထိုင်သူ ပုဂ္ဂိုလ် အရေအတွက်။ | *အကယ်၍ ၎င်းတို့သည် သင်နှင့် သွေးသားမတော်စပ်သည့်တိုင် သင့်နေအိမ်၌ နေထိုင်သူ တစ်ဦးတစ်ယောက်စီတိုင်းအား ထည့်သွင်းရေတွက်ပါ။ သန်းခေါင်စာရင်းသည် ကလေးငယ်များ၊ နိုင်ငံသားမဟုတ်သူများ၊ အိမ်ငှားများ အစရှိသည်တို့ အပါအဝင် အမေရိကန်ပြည်ထောင်စု၌ နေထိုင်သူ တစ်ဦးတစ်ယောက်စီတိုင်းအား ရေတွက်သည်။* |
| သင့်နေအိမ်အား သင် ပိုင်ဆိုင်ပါသလား သို့မဟုတ် ငှားရမ်းထားပါသလား။ | *သင့်နေအိမ်အား သင် ပိုင်ဆိုင်ခြင်း ရှိမရှိ သို့မဟုတ် ငှားရမ်းနေထိုင်ခြင်း ဟုတ်၊မဟုတ် ဖြေကြားပေးပါ။* |
| တယ်လီဖုန်း နံပါတ် | *သန်းခေါင်စာရင်း ဗျူရိုသည် အကယ်၍ သန်းခေါင်စာရင်းဗျူရို၏ တရားဝင် လုပ်ငန်းဆက်သွယ်မှုများအတွက် လိုအပ်မှသာလျှင် သင့်ဖုန်းနံပါတ်အား အသုံးပြုသွားမည် ဖြစ်သည်။* |

2020 သန်းခေါင်စာရင်းသည် သင့်အိမ်ထောင်စု၌ နေထိုင်သူ တစ်ဦးစီ၏အကြောင်း အချက်အလက်များအားလည်း မေးမြန်းသွားမည် ဖြစ်သည်။

| | |
|---|---|
| အမည်၊ အသက်၊ မွေးနေ့ နှင့် လိင် | *ပုဂ္ဂိုလ်တစ်ဦးစီ၏ အမည်၊ အသက် နှင့် မွေးနေ့တို့အား ဖြည့်သွင်းပေးပါ။ လိင်အမျိုးအစားနှင့်ပတ်သက်၍မူ သန်းခေါင်စာရင်း ဗျူရိုသည် ရွေးချယ်စရာအနေနှင့် ကျား နှင့် မ နှစ်မျိုးတည်းကိုသာလျှင် ထောက်ပံ့ပေးထားကြောင်း ကျေးဇူးပြုပြီး သတိပြုပေးပါ။* |
| လျှောက်လွှာဖောင်အား ဖြည့်စွက်သည့် ပုဂ္ဂိုလ်ဖြင့် ဆက်နွယ်တော်စပ်ပုံ | *ဤသည်တို့မှာ သင် သင့်တော်သလို ရွေးချယ်ထည့်သွင်းနိုင်သော ဆက်နွယ်တော်စပ်ပုံများ စာရင်း တစ်ခု ဖြစ်သည်၊ ဤတွင် အိမ်ထောင်ဖက် (လိင်တူ သို့မဟုတ် လိင်ကွဲ)၊ ညီအစ်ကို သို့မဟုတ် ညီအစ်မ၊ မိဘ၊ အခန်းဖော် သို့မဟုတ် အခြားသော အစရှိသည်တို့ ပါဝင်သည်။* |
| လူမျိုး | *သင့်အနေနှင့် လူမျိုး တစ်မျိုး သို့မဟုတ် တစ်မျိုးမကအား ရွေးချယ်နိုင်သည်။ အကယ်၍ သင်သည် လူမျိုး ပေါင်းစုံ ရောစပ်ထားသူဖြစ်လျှင် သင်၏ လူမျိုးအုပ်စုများနှင့်သက်ဆိုင်သည့် သေတ္တာကွက် သို့မဟုတ် သေတ္တာကွက်များတွင် သင် စစ်ဆေးအမှတ်အသားပြုလုပ်ပြီး၊ သင်၏ လူမျိုးစုနောက်ခံနှင့်ပတ်သက်၍ နောက်ထပ်သော အသေးစိတ် အချက်အလက်များကို ချရေးနိုင်ပေသည်။*<br><br>*သေတ္တာကွက် ရွေးချယ်စရာများတွင် လူမျိုးအုပ်စု အားလုံးအား စာရင်းပြုဖော်ပြထားခြင်း မရှိပေ။ အကယ်၍ သင်၏ လူမျိုးအုပ်စုသည် စာရင်းအတွင်း မပါဝင်လျှင် သင့် လူမျိုးစု နောက်ခံနှင့်ပတ်သက်၍ နောက်ထပ်သော အသေးစိတ်အချက်အလက်များကို သင် ချရေးပေးနိုင်ပါသည်။* |
| မူလ ဟစ်စပန်းနစ်မျိုးနွယ် | *ဤသည်မှာ သင်သည် ဟစ်စပန်းနစ် သို့မဟုတ် လက်တီနို ဟုတ်၊မဟုတ်ကို မေးမြန်းခြင်း ဖြစ်သည်။ ဤသည်မှာ မျိုးနွယ်တစ်မျိုးအဖြစ် ထည့်သွင်းသတ်မှတ်ပြီး၊ လူမျိုးမဟုတ်ပေ။ လူမျိုး သေတ္တာကွက်အပြင် ဤတွင်လည်း အမှတ်အသားပြုလုပ်ပေးပါ။* |

**2020 သန်းခေါင်စာရင်းသည် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သော မေးခွန်းအား မေးမြန်းမည်မဟုတ်ပေ။**

အကယ်၍ သင်၏နေအိမ်တွင် လူ ခြောက်ဦးထက်ပိုပြီး နေထိုင်လျှင် သင့်အနေနှင့် ခုနစ်ဦးမြောက် နှင့် နောက်ပိုင်းကျန်ရှိသူများအတွက် အခြေခံ အချက်အလက်များကို သာလျှင် ထောက်ပံ့ပေးရန် လိုအပ်မည် ဖြစ်သည်။ အခြေခံ အချက်အလက်များဆိုသည်မှာ အမည်၊ အသက်၊ မွေးနေ့၊ လိင်၊ လူမျိုး နှင့် အဆိုပါ ပုဂ္ဂိုလ်သည် လျှောက်လွှာဖောင်အား ဖြည့်စွက်နေသည့် ပုဂ္ဂိုလ်နှင့် ဆက်နွယ်တော်စပ်ခြင်း ရှိမရှိ အစရှိသည့် အချက်အလက်များကို ဆိုလိုသည်။

## 2020 သန်းခေါင်စာရင်းသည် ကျွန်ုပ်အား မည်သည်တို့ကို မေးမြန်းခြင်း မပြုမည်နည်း။

**လျှောက်လွှာဖောင်အတွင်း သင်၏ ရွှေ့ပြောင်းနေထိုင်မှု သို့မဟုတ် နိုင်ငံသားဖြစ်မှု အခြေအနေနှင့်ပတ်သက်သော မေးခွန်းများကို မေးမြန်းမည်မဟုတ်ပေ။**

**လျှောက်လွှာဖောင်အတွင်း သင်၏ လူမှုဖူလုံရေးနံပါတ်အား ဖြည့်စွက်ပေးရန် တောင်းဆိုခြင်း ပြုလုပ်မည်မဟုတ်ပေ။**

## ကျွန်ုပ်အနေနှင့် မေးခွန်းများ အားလုံးအား ဖြေကြားပေးရန် လိုအပ်ပါသလား။

ဖယ်ဒရယ် ဥပဒေအရ လူတစ်ဦးတစ်ယောက်စီတိုင်းသည် သန်းခေါင်စာရင်းအတွင်း ပါဝင်ရန် နှင့် မေးခွန်းများ အားလုံးအား ဖြေကြားပေးရန် လိုအပ်သည်။ မေးခွန်း တစ်ခု သို့မဟုတ် နှစ်ခုလောက်အား ကျော်သွားခဲ့သော်လည်း မိမိတို့၏ အမည်နှင့် လိပ်စာအား ထောက်ပံ့ပေးသည့် တုံ့ပြန်ဖြေကြားသူများကိုမူ ထည့်သွင်းရေတွက်ပေးမည် ဖြစ်သည်။ အကယ်၍ သင်သည် မေးခွန်းတော်တော်များများအား ကျော်သွားခဲ့လျှင် သို့မဟုတ် သန်းခေါင်စာရင်းအား လုံးဝ ဖြေကြားပေးခြင်း မပြုလျှင်မူ သန်းခေါင်စာရင်း ဝန်ထမ်းတစ်ဦးသည် လစ်လပ်နေသော အချက်အလက်များအား ရယူရန်အတွက်ဂှာ သင့် နေအိမ်သို့ လာရောက်ကောင်း လာရောက်မည် ဖြစ်သည်။ မေးခွန်းများ အားလုံးအား စစ်မှန်စွာ ဖြေကြားပေးပါ၊ သန်းခေါင်စာရင်း ဖြေဆိုချိန်၌ လိမ်ညာခြင်းများ မပြုလုပ်ပါနှင့်။

## ကျွန်ုပ်၏ တုံ့ပြန်ဖြေကြားချက်များအား လျှို့ဝှက်ထိန်းသိမ်းထားပါမည်လား။ 2020 သန်းခေါင်စာရင်းအား ဖြေကြားခြင်းသည် ကျွန်ုပ်အား အန္တရာယ်ဖြစ်စေနိုင်ပါသလား။

- <u>လျှို့ဝှက်စောင့်ထိန်းမှု -</u> အားလုံးသော သန်းခေါင်စာရင်း အချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းထားမည်ဖြစ်သည်။ ဥပဒေအရ သန်းခေါင်စာရင်း ဗျူရို သည် တစ်ဦးတစ်ယောက်၏ အချက်အလက်များအား လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များ၊ အခြားသော အစိုးရ အေဂျင်စီများ နှင့် အများပြည်သူလူထုထံသို့ အပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့မျှ မျှဝေခြင်း မပြုနိုင်ပေ။ သန်းခေါင်စာရင်း ဒေတာအချက်အလက်များအတွက် အလွန်ပင် ခိုင်မာသော လျှို့ဝှက်စောင့်ထိန်းမှုဆိုင်ရာ အကာအကွယ်များအား ဖယ်ဒရယ် ဥပဒေအရ ထားရှိပေးထားပြီး၊ သင်၏ အချက်အလက်များအား ကာကွယ်ပေးထားသည်။
- <u>ပြစ်ဒဏ်များ -</u> သင်၏ ဒေတာအချက်အလက်များအား ဝင်ရောက်ရယူခွင့်ရှိသည့် သန်းခေါင်စာရင်း ဗျူရို ဝန်ထမ်းတစ်ဦးစီတိုင်းသည် သင်၏ အချက်အလက်များ အား ကာကွယ်ပေးရန် တစ်သက်တာ ကျမ်းကျိန်ထားကြရသည်။ အကယ်၍ သန်းခေါင်စာရင်းဗျူရို ဝန်ထမ်းတစ်ဦးသည် ဤဥပဒေအား ဖောက်ဖျက်ခဲ့လျှင် ဤသည်မှာ ဖယ်ဒရယ် ပြစ်မှုတစ်ခုပင် ဖြစ်သည်၊ ပြစ်ဒဏ်များမှာ ပြင်းထန်နိုင်ပြီး၊ ငါးနှစ်တာအထိ ဖယ်ဒရယ် အကျဉ်းထောင် ထောင်ချမှု၊ $250,000 အထိ ဒဏ်ကြေးကောက်ခံမှု သို့မဟုတ် နှစ်မျိုးစလုံး အစရှိသဖြင့် ပြစ်ဒဏ်ပေးခံရနိုင်သည်။
- <u>ဒေတာအချက်အလက် အကာအကွယ်ပေးမှုများ -</u> ထို့ပြင် သန်းခေါင်စာရင်း ဗျူရိုမှ စုဆောင်းရရှိသော တုံ့ပြန်ဖြေကြားချက်များအား ကိန်းဂဏန်းဆိုင်ရာ ရည်ရွယ်ချက်များအတွက်သာလျှင် အသုံးပြုနိုင်ပါသည်။ သန်းခေါင်စာရင်းဗျူရိုသည် စုပေါင်းထားသော ကိန်းဂဏန်းဆိုင်ရာအချက်အလက်များကိုသာလျှင် ထုတ်ဝေမည်ဖြစ်ပြီး၊ တစ်ဦးတစ်ယောက်စီ၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်း အစရှိသည်တို့ကို ဖော်ထုတ်သိရှိနိုင်မည့် အချက်အလက်များကိုမူ ထုတ်ပြန်ခြင်း မပြုပေ။ ဖယ်ဒရယ်၊ ပြည်နယ် နှင့် ဒေသခံ အစိုးရအေဂျင်စီများအနေနှင့် သန်းခေါင်စာရင်းဗျူရိုမှ ထုတ်ပြန်သော ကိန်းဂဏန်းဆိုင်ရာ ဒေတာ အချက်အလက်များကို အသုံးပြုပြီး၊ သန်းခေါင်စာရင်းအား တုံ့ပြန်ဖြေကြားခဲ့သော တစ်ဦးတစ်ယောက်ကို ထိခိုက်အောင်လုပ်ဆောင်ခြင်းများ မပြုလုပ်နိုင်စေရန် တားမြစ်ထားသည်။

## 2020 သန်းခေါင်စာရင်းအား ဖြည့်စွက်ရန်အတွက် ဘာသာစကားအကူအညီ လိုအပ်လျှင် ကျွန်ုပ် မည်သို့ဆောင်ရွက်ရမည်နည်း။

**အွန်လိုင်း -** အင်တာနက် ကိုယ်တိုင်-တုံ့ပြန်ဖြေကြားချက် လျှောက်လွှာဖောင်အား အင်္ဂလိပ်ဘာသာစကားမဟုတ်သည့် အခြားသော ဘာသာစကား 12 မျိုးဖြင့် ရရှိနိုင်မည်ဖြစ်ပြီး၊ ဤတွင် တရုတ် (ရိုးရှင်းသော)၊ ဂျပန်၊ ကိုရီးယား၊ တက်ဂလော့ဂ် နှင့် ဗီယက်နမ် ဘာသာစကားများ ပါဝင်သည်။

**ဖုန်း -** ဖုန်းလိုင်း ပံ့ပိုးထောက်ပံ့မှုအား အင်္ဂလိပ်ဘာသာစကားနှင့်အတူ အင်္ဂလိပ်ဘာသာစကားမဟုတ်သည့် အခြားသော ဘာသာစကား 12 မျိုး ဖြင့်လည်း ထောက်ပံ့ပေး ထားပြီး၊ ဤတွင် တရုတ် (မန်ဒရင်း နှင့် ကန်တုံ တရုတ်)၊ ဂျပန်၊ ကိုရီးယား၊ တက်ဂလော့ဂ် နှင့် ဗီယက်နမ် ဘာသာစကားများလည်း ပါဝင်သည်။ ဘာသာစကားတစ်ခုစီ အတွက် သတ်မှတ်ထားသော သက်ဆိုင်ရာ အကောက်ခွန်အခမဲ့ သန်းခေါင် စာရင်းဗျူရို ဖုန်းနံပါတ်မှတဆင့် ဖုန်းခေါ်ဆိုသူများသည် သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် နောက်ထပ်သော အချက်အလက်များကို ရယူနိုင်သည်၊ မေးခွန်းများ မေးမြန်းနိုင်သည်၊ ထို့ပြင် ဖုန်းမှတဆင့် မိမိတို့၏ သန်းခေါင်စာရင်းလျှောက်လွှာဖောင်အတွက် အဖြေများအား ထောက်ပံ့ဖြေကြားပေးနိုင်သည်။

**စာရွက်စာတမ်း -** စာရွက်လျှောက်လွှာဖောင်အား အင်္ဂလိပ် နှင့် စပိန်ဘာသာစကားတို့ဖြင့် ရရှိနိုင်ပါသည်။

**ဘာသာစကားဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု အရင်းအမြစ်များ -** သန်းခေါင်စာရင်းဗျူရိုသည် ဘာသာရပ်ဆိုင်ရာ ဝေါဟာရစကားလုံးများ၊ ဘာသာစကား အထောက်အထား ကတ်များ နှင့် ဘာသာစကား လမ်းညွှန်များတို့အား အင်္ဂလိပ်ဘာသာစကားမဟုတ်သည့် အခြားသော ဘာသာစကား 59 မျိုးဖြင့် ထုတ်လုပ်ပေးနေလျက်ရှိပြီး၊ ၎င်းတို့အား www.2020census.gov တွင် စုစည်းဖော်ပြထားပါသည်။